# ဒုတိယအကြိမ် အာဆီယံလူငယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးချန်ပီယံဆု

## (2nd ASEAN Youth Eco–Champions Award–AYECA)

## လျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

ဒုတိယအကြိမ် အာဆီယံလူငယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးချန်ပီယံဆု (2nd ASEAN Youth Eco–Champions Award– AYECA) ချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၇) ကြိမ်မြောက်အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေး ($17^{th}$ ASEAN Ministerial Meeting on Environment–AMME) နှင့် တစ်ဆက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို တက်ကြွစွာ ဆောင်ရွက်နေသည့် လူငယ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်သော လုပ်ငန်းများ၌ ထူးချွန်စွာ ကူညီပံ့ပိုးလုပ်ဆောင်နေသည့် အာဆီယံ၏ လူငယ်နိုင်ငံသားများအဖြစ် အသိအမှတ်ပြုရန် ရည်ရွယ်ချက်ဖြင့် ဆုချီးမြှင့်ခြင်း ဖြစ်ပါသည်။

၁။ အဆိုပါဆုအတွက် အောက်ဖော်ပြပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် လူငယ်များ ဝင်ရောက်လျှောက်ထားခြင်းဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအား သိသာထင်ရှားစွာ ကူညီဆောင်ရွက်သူ **Junior (၁) ဦး** (အသက် ၁၈ နှစ်မှ ၂၅ နှစ် အတွင်း) နှင့် **Senior (၁) ဦး** (အသက် ၂၆ နှစ်မှ ၃၅ နှစ်အတွင်း) **စုစုပေါင်း လူငယ် (၂) ဦး** အား ရွေးချယ်၍ ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်–

- အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားဖြစ်ရမည်။
- အမည်စာရင်းပေးသွင်းသည့်ရက်တွင် အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
- အာဆီယံနိုင်ငံများရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းနှင့်လျှော့ချခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်ချွေတာခြင်း အများပြည်သူဆိုင်ရာ သန့်ရှင်းရေးကိစ္စရပ်များ၊ ရေ နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှု စသည့်နယ်ပယ်များတွင် ဆောင်ရွက်နေသူ ဖြစ်ရမည်။
- ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် သန့်ရှင်းစိမ်းလန်းစေရေး အစပျိုးလုပ်ဆောင်မှု တစ်ခုခုကို လွန်ခဲ့သော (၅) နှစ်အတွင်းကစ၍ အနည်းဆုံး (၂) နှစ် တက်ကြွစွာ ဆောင်ရွက်ခဲ့သူ/ဆောင်ရွက်နေသူ ဖြစ်ရမည်။
- ASEAN Biodiversity Heroes Award ကဲ့သို့သော အာဆီယံလူငယ် ပတ်ဝန်းကျင်ဆိုင်ရာဆုများ မရရှိဖူးသူဖြစ်ရမည်။

**ASEAN Youth Eco-Champions Award အတွက် လျှောက်ထားလိုသူ လူငယ်များအနေဖြင့် အာဆီယံအတွင်းရေးမှူးရုံး၏ Webpage ဖြစ်သော *environment.asean.org* သို့ ဝင်ရောက်၍ online စနစ်ဖြင့် လျှောက်ထားခြင်း (သို့မဟုတ်) Application အပြည့်အစုံကို environment@ asean.org သို့ ပေးပို့၍လည်းကောင်း လျှောက်ထားနိုင်ပြီး ၃၀-၆-၂၀၂၃ နေ့သည် လျှောက်လွှာပိတ်ရက်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။**

၂။ လျှောက်ထားသူများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များပူးတွဲ၍ လျှောက်ထားရမည် ဖြစ်ပါသည်-

- အမည်စာရင်းပေးသွင်းခြင်းပုံစံ (Nomination Form) တွင် မှန်ကန်စွာဖြည့်စွက်ပေးရန်၊
- အမည်စာရင်းပေးသွင်းသူ၏ ကိုယ်ရေးအကျဉ်း (CV)၊
- အမည်စာရင်ပေးသွင်းသူ၏ ပတ်ဝန်းကျင်နှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ထောက်ခံနိုင်ရန်အတွက် (၁) ဦးချင်းစီမှ ရေးသားထောက်ခံထားသည့် ထောက်ခံစာ (၂) စောင်၊
- ASEAN Youth Eco-Champion Award ဆိုင်ရာ အချက်အလက်များတွင် အသုံးပြုနိုင်ရန် အမည်စာရင်းပေးသူ၏ ကိုယ်ရေးအကျဉ်းအတွက် လိုင်စင်ဓာတ်ပုံ (၁) ပုံ နှင့် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံ (၅) ပုံ၊
- အခြားထည့်သွင်းရေးသားလိုသည့် အချက်အလက်များ (အဆိုပြုလျှောက်ထားသူ၏ ပုံနှိပ်ထုတ်ဝေမှု၊ ဆုရရှိခဲ့မှု၊ မီဒီယာတွင် ဖော်ပြခြင်းခံရမှုစသည်)၊

၃။ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း

- မြန်မာနိုင်ငံဆိုင်ရာ AWGEE National Focal Point မှ ဆုရရှိသူများအား အကြောင်းကြားပေးမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနား တက်ရောက်နိုင်ရန် ဖိတ်စာများပေးပို့၍ ဖိတ်ကြားပေးသွားမည်ဖြစ်ပါသည်။
- ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ် နှင့် ဆုတံဆိပ်များ ချီးမြှင့်ခြင်းတို့အပြင် သတင်းထုတ်ပြန်ချက်များ၊ အထိမ်းအမှတ်ပစ္စည်း၊ ဂုဏ်ပြုစာတမ်းပါသည့် စာအုပ်များရရှိမည်ဖြစ်ပြီး ASEAN Website တွင်လည်း ထည့်သွင်းဖော်ပြ ပေးသွားမည်ဖြစ်ပါသည်။
- ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ရန် အသွားအပြန် လေယာဉ်လက်မှတ်၊ တည်းခိုရန်နေရာ နှင့် နေ့တွက်စရိတ်တို့ကို အာဆီယံအတွင်းရေးမှူးရုံးမှ စီစဉ်ကျခံပေးသွားမည်ဖြစ်ပါသည်။

၄။ ဆုရရှိသူများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ

- လာအိုနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ဆုပေးပွဲသို့ ပါဝင်တက်ရောက်ရမည်။
- အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သံတမန်အဖြစ် အနည်းဆုံး (၄) နှစ်ကြာ ဆောင်ရွက်ရမည်။
- ပတ်ဝန်းကျင်ကာကွယ်ခြင်းဆိုင်ရာ လှုပ်ရှားမှုများတွင် လူအများ စိတ်ပါဝင်စားလာစေရန် အတွေ့အကြုံများကို မျှဝေပေးနိုင်ရမည်။

၅။ အသေးစိတ်သိရှိလိုသည်များအတွက် ဆက်သွယ်ရန်-

လူ့စွမ်းအားအရင်းအမြစ်ဌာနခွဲ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

ဖုန်း- ၀၆၇ ၃၄၃၁၃၂၈